Funded By: UKaid

## ၄ ကလေးတို့ကို ဘာစစ်နေကြောင်း ရှင်းရှင်းလင်းလင်းပြောပြပြီး မည်သို့ကောင်းမွန်စွာ ဖြေဆိုနိုင်မည့် အကြောင်း သိကြပါစေ။

သချာင်္ - ရေတွက်မှု စွမ်းရည်များ

သိပ္ပံ - တိရစ္ဆာန်များကို အမျိုးအစားခွဲခြားခြင်း

မြန်မာစာ - စာဖတ်စွမ်းရည်များ

အင်္ဂလိပ်စာ - ရာသီဥတုအကြောင်း ပြောဆိုခြင်း

## ၅ အစဥ်အလာ အစမ်းစာမေးပွဲအစား စစ်ဆေးနိုင်မည့် အခြားနည်းလမ်းများကို စူးစမ်းရှာဖွေပါ။ စစ်ဆေးအကဲဖြတ်မှုကို ပိုမို အလွတ်သဘောဆောင်ပြီး သင်ယူစဥ်စစ်ဆေးအကဲဖြတ်မှု ပိုမိုဖြစ်စေရန် လုပ်နိုင်ပါမည်လား။

### အလွတ်သဘော စစ်ဆေး အကဲဖြတ်မှုအတွက် လုပ်နိုင်သည်များ

- နှစ်ဦးစီ တွဲလုပ်ခြင်း
- အုပ်စုလိုက် ဆောင်ရွက်ခြင်း
- ဉာဏ်စမ်းပဟေဠိများ
- လေ့လာသည့် လုပ်ငန်းရပ်များ (projects)

### သင်ယူစဥ် စစ်ဆေးအကဲဖြတ်မှုအတွက် လုပ်နိုင်သည်များ

- အစမ်းစာမေးပွဲကြီးကို လုပ်ဆောင်ချက်အငယ်များ ခွဲပြီးစစ်ခြင်း
- အဆုံးမှ စစ်ဆေးမည့်အစား သင်ကြားစဥ် အစမ်းစာမေးပွဲအငယ်များ ပြုလုပ်ခြင်း
- သင်ယူသူများအား ရှင်းလင်းသည့် သုံးသပ်ချက်များပေးခြင်းဖြင့် ပိုမို တိုးတက်ကောင်းမွန်လာစေရန် အခွင့်အလမ်းပေးခြင်း

### ပြန်လည်သုံးသပ်ခြင်း

မည်သည့်အကြံဉာဏ်က အသုံးအဝင်ဆုံးဖြစ်ပါသနည်း။
သင့်အတန်းတွင် အလွတ်သဘော စစ်ဆေးအကဲဖြတ်ခြင်း၊
သင်ယူစဥ် စစ်ဆေးအကဲဖြတ်ခြင်း နည်းလမ်းများ စမ်းကြည့်ဖူးပါသလား။
သင့်စာမေးပွဲများကို ကလေးများနှင့်ပိုမိုကိုက်ညီအောင် မည်သို့လုပ်ပါမည်နည်း။

Implemented by: British Council, The Open University, VSO, montrose